# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 28 , 2022 Volume 56, Number 18


| ၂၈.၇.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၃၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၈၇.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၉.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၅၂.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၉၅.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၄.၂၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၈၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၀၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၅.၅၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၆၀၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကြက်သွန်နီလက်ကျန်နည်းချိန် ဝယ်လိုအားမြင့်တဲ့အတွက် ဈေးကောင်းရ

ဈေးကွက်ထဲတွင် ကြက်သွန်နီလက်ကျန်နည်းချိန် ဝယ်လိုအားကောင်းနေတဲ့အတွက် ဈေးပြန်တက်လာတာကို တွေ့ရပါတယ်။ တောင်သူတွေလက်ထဲမှာလက်ကျန်နည်းပေမယ့် ယခုပေါက်ဈေးကတော့ တောင်သူတွေအကြိုက်တွေ့တဲ့ဈေးဖြစ်နေတယ်လို့သိရပါတယ်။ အရည်အသွေးကောင်း ကြက်သွန်နီတွေ နည်းသွားပေမယ့်လည်း မိုးကြက်သွန်နီအသစ် ထွက်ပေါ်ချိန်လိုနေသေးတဲ့အတွက် လက်ကျန်ကြက်သွန်နီများ ဆက်လက်၍ ဈေးကောင်းရနိုင်သေးတယ်လို့ သိရပါတယ်။ ဈေးနှုန်းများကတော့ အရည်အသွေးနှင့် အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းအနိမ့်အမြင့်ဖြင့်အရောင်းအဝယ် ဖြစ်နေတာကို တွေ့ရပါတယ်။

ယခင်တစ်ပတ် (၁၉.၇.၂၀၂၂)ရက်နေ့တွင် ပခုက္ကူကြက်သွန်နီဈေးမှာ (၁၅၅၀)ကျပ်ဈေးဖြစ်ခဲ့ပြီး ယခုတစ်ပတ်(၂၆.၇.၂၀၂၂)ရက်နေ့တွင် (၁၇၀၀)ကျပ်ဈေးအထိ မြင့်တက်ခဲ့ပြီး (၁၉.၇.၂၀၂၂) ရက်နေ့တွင် ဆိပ်ဖြူကြက်သွန်နီဈေးမှာ (၁၅၀၀)ကျပ်ဈေးဖြစ်ခဲ့ပြီး (၂၆.၇.၂၀၂၂)ရက်နေ့တွင် (၁၆၅၀)ကျပ်ဈေးအထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ (၁၉.၇.၂၀၂၂)ရက်နေ့မှ (၂၆.၇.၂၀၂၂)ရက် နေ့အထိ တစ်ပတ်အတွင်း ဈေးကွက်ထဲသို့ ပခုက္ကူကြက်သွန်နီ ပိဿာချိန်(၂)သိန်းကျော် ဝင်ရောက်ခဲ့ပြီး ဆိပ်ဖြူကြက်သွန်နီကတော့ ပိဿာချိန်(၇)သောင်းကျော် အသီးသီး ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်နေတယ်လို့ ကြက်သွန်ကုန်သည် အသိုင်းအဝိုင်းထံမှ သိရှိရပါသည်။

Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## တောင်သာကြက်သွန်နီများကို ပြည်ပက ပြန်လည်ဝယ်ယူသဖြင့် မန္တလေးဈေးကွက်အတွင်း တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ခန့်ပေါက်ဈေးရှိ

တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို ပြည်ပက ပြန်လည်ဝယ်ယူသဖြင့် မန္တလေး ဈေးကွက်အတွင်း တစ်ပိဿာ ငွေကျပ် ၂၀၀၀ ခန့် ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့ အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

ယခုလက်ရှိ တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ မန္တလေး ဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာကြောင်း၊ ထို့ပြင် ယခင်ကြက်သွန်နီ အဟောင်းများမှာလည်း ကုန်ပစ္စည်းလက်ကျန် အနည်းငယ်သာ ကျန်ရှိသောကြောင့် ယခုလတ်တလော တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများဈေးကောင်း ပြန်လည်ရရှိလာကြောင်း သိရသည်။

“အခုလတ်တလော ပြည်ပက ကုန်သည်တွေအနေနဲ့ တောင်သာဘက်က အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေ ဝယ်ယူမှုများပြားတယ်။ မန္တလေးဈေးကွက်ထဲမှာ တောင်သာဘက်ကထွက်တဲ့ ကြက်သွန်နီတွေ အရောင်းအဝယ်ကောင်းတဲ့ အနေအထားဖြစ်လာပြီး ဈေးကောင်းပေး ဝယ်ယူနေကြပါတယ်” ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇူလိုင်လ ဒုတိယပတ်အတွင်းက တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ ခန့်သာရှိခဲ့သော်လည်း ယခုလက်ရှိတွင် တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ခန့် ပေါက်ဈေးရှိနေကြောင်း သိရသည်။

“ပြည်ပက အခုလတ်တလော တောင်သာနဲ့မုံရွာဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ဝယ်ယူမှု တော်တော်လေး ပြန်များတယ်။ ကုန်သည်တွေ ဝယ်ယူမှုများနေတာကြောင့် မန္တလေးဈေးကွက်ထဲမှာ နောက်ပိုင်း ကုန်ပစ္စည်းလက်ကျန်ရှားပါးလာပြီး ဈေးတွေအတက်ဘက်ကို ရောက်သွားနိုင်ပါတယ်” ဟု မန္တလေးမြို့ အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဇူလိုင်လပထမပတ်အတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ခတ်မြေသြဇာတန်ချိန် ၅၆၈၀ တင်သွင်းထား

စိုက်ပျိုးရေးရာသီချိန်အမီ တောင်သူများသို့ ဖြန့်ဖြူးနိုင်ရန် ဇူလိုင်လ ပထမပတ်အတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှ ခတ်မြေသြဇာတန်ချိန် ၅၆၈၀ တင်သွင်းထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(ရန်ကုန်တိုင်းဒေသကြီး) မှ ဗဟိုအလုပ်အမှုဆောင် ဦးငြိမ်းချမ်းအောင်ထံမှ သိရသည်။

ထိုသို့ တင်သွင်းရာတွင် ယခုနှစ် ဇူလိုင် ၂ ရက်မှ ဇူလိုင် ၈ ရက်ထိ တစ်ပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ ခတ်မြေသြဇာတန်ချိန် ၃၁၈၀၊ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၁၉ သန်းဖိုးနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ခတ်မြေသြဇာတန်ချိန် ၂၅၀၀၊ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၁၅ သန်း စုစုပေါင်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ခတ်မြေသြဇာတန်ချိန် ၅၆၈၀၊ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၃၄ သန်းဖိုး တင်သွင်းခဲ့ကြောင်းသိရသည်။

“ခတ်မြေသြဇာဈေးကွက်အတွင်းမှာ ယူရီးယားခတ်မြေသြဇာတစ်အိတ်ကို ငွေကျပ် ၉၅၀၀၀ လောက်ဖြစ်နေတဲ့အတွက် တောင်သူတွေ အခက်အခဲဖြစ်နေတာကို ကူညီတဲ့အနေနဲ့ သက်သာတဲ့ဈေးနှုန်းနဲ့ တောင်သူတွေ အသုံးပြုနိုင်အောင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ပူးပေါင်းကာ ယူရီးယားခတ်မြေသြဇာတွေကို မှာယူပြီးတော့ တောင်သူတွေလက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးတာဖြစ်ပါတယ်” ဟု ဦးငြိမ်းချမ်းအောင်က ပြောပြသည်။

ပြည်ပနိုင်ငံများက ခတ်မြေသြဇာများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ခတ်မြေသြဇာတန်ချိန် ၅၆၈၀ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ယူရီးယားခတ်မြေသြဇာများကို တစ်အိတ်လျှင် ရန်ကုန်တိုင်းဒေသကြီးတွင် ဂိုဒေါင်ဈေးနှုန်းအနေဖြင့် ငွေကျပ် ၈၆၀၀၀ ဖြင့် ဖြန့်ဖြူးပေးမည်ဖြစ်ပြီး ဒေသအသီးသီးသို့ သယ်ယူစရိတ်အပေါ်မူတည်၍ တစ်အိတ်လျှင် ငွေကျပ် ၈၇၈၀၀ မှ ၈၉၄၀၀ ထိကျသင့်မည်ဖြစ်ကြောင်း၊ လက်ရှိ ရန်ကုန်တိုင်းဒေသကြီး ခတ်မြေသြဇာဈေးကွက်တွင် တစ်အိတ်လျှင် ငွေကျပ် ၉၂၀၀၀ မှ ၉၅၀၀၀ ခန့်ဖြစ်နေသည့်အတွက် ငွေကျပ် ၁၀၀၀၀ ခန့် သက်သာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (ရန်ကုန်တိုင်းဒေသကြီး) မှ ဗဟိုအလုပ်အမှုဆောင် ဦးငြိမ်းချမ်းအောင်က ပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဘုရင့်နောင် ကြက်သွန်စျေး တစ်ပိဿာ ကျပ် ၂၀၀၀ ထိ ရောက်လာ

တရိပ်ရိပ်ပြန်တက်လာတဲ့ ကြက်သွန်စျေးဟာ ဒီနေ့ ဇူလိုင် ၂၇ ရက်မှာလည်း ဆက်တက်လာပြီး ရန်ကုန်ဘုရင့်နောင်စျေးကွက်မှာတော့ တစ်ပိဿာ ၂၀၀၀ ကျပ်ထိ ပေါက်စျေးရှိလာပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၂၁ ရက်တုန်းမှာ တစ်ပိဿာ ကျပ် ၁၉၀၀ ထိ ပေါက်စျေးရောက်ရှိပြီးနောက် ဆက်တိုက်စျေးပြန်ကျလာတဲ့ ကြက်သွန်နီ ဆိပ်ဖြူရှယ်(သစ်)ဟာ ဇူလိုင်တတိယပတ်အတွင်း တဖြည်းဖြည်း စျေးပြန်တက်လာရာကနေ ဒီနေ့မှာတော့ တစ်ပိဿာ ကျပ် ၂၀၀၀ ထိ မြင့်လာတာဖြစ်ပါတယ်။ အမျိုးအစားအားလုံး နေ့စဉ်စျေးတွေ တက်နေတာဖြစ်ပါတယ်။

*ယနေ့ (ဇူလိုင် ၂၇) ကြက်သွန်နီစျေးနှုန်းများ (၁ ပိဿာ) (ဘုရင့်နောင်စျေးကွက်)

ကြက်သွန်နီ (ဆိပ်ဖြူရှယ် - သစ်) - ၂၀၀၀ ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်ကြီး) - ၁၉၀၀ ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်သန့်) - ၁၇၀၀ ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်ချော) - ၁၄၀၀ ကျပ်

ဆန်ချောစျေးတွေကတော့ ဆက်တက်တာမျိုးမရှိဘဲ မနေ့က အတက်စျေးတွေအတိုင်းပဲ စျေးတွေငြိမ်နေပါတယ်။

(စိုက်ပျိုးရေးစျေးကွက်သတင်းအချက်အလက်စနစ် (AMIA) က ပေးပို့လာသည့် စျေးနှုန်းများကို ဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Onion_Market_Prices_July_27

## ကမ္ဘာ့အခန်းကဏ္ဍတွင် အပြုသဘောဆောင်သော တရုတ်နိုင်ငံ၏ အားထုတ်မှုများ



ရုရှား- ယူကရိန်းပဋိပက္ခနှင့် အမေရိကန်ပြည်ထောင်စုမှ အဆိုပြုသည့် "အင်ဒို-ပစိဖိတ်" မဟာဗျူဟာကို နောက်ခံထား၍ ခေတ်သစ်စစ်အေးကို ဆန့်ကျင်ပြီး ကမ္ဘာလုံးဆိုင်ရာ ဆန့်ကျင်ဘက်အစွန်းရောက်မှုကိုရှောင်ရှားရန် တရုတ်နိုင်ငံသည် အပြုသဘောဆောင်သော အခန်းကဏ္ဍမှပါဝင်ခဲ့ကြောင်း ကျွမ်းကျင်သူများက ၂၆-၇-၂၀၂၂ ရက်နေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံတကာအခင်းအကျင်း ခေတ်ရေစီးကြောင်းနှင့် ရုရှား-ယူကရိန်းပဋိပက္ခပြီးနောက် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍအား နိုင်ငံတကာညီလာခံတွင်း ၎င်းတို့ကမှတ်ချက်ပေးခဲ့ကြောင်း၊ အစည်းအဝေးကို တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီ၏ National Top Think Tank မှ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံ၊ ရမ်မင်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေး ပါမောက္ခရှီက ရုရှား-ယူကရိန်း အကျပ်အတည်းသည် ကမ္ဘာလုံးဆိုင်ရာ ထိပ်တိုက်ရင်ဆိုင်မှုနှင့် နှစ်ခြမ်းကွဲလွဲမှုကို အချိန်ကြာမြင့်စွာ နက်ရှိုင်းစေမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။ ပဋိပက္ခသည် ပဋ္ဌမလကို ကျော်လွန်ပြီးဖြစ်ရာ ဘဏ္ဍာရေးစျေးကွက်များတွင် မတည်ငြိမ်မှုများဖြစ်ပေါ်ပြီး ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှုနှင့်ပတ်သက်၍ မသေချာမရေရာမှုများ တိုးလာခဲ့ကြောင်း ပဋိပက္ခများအပြင် အမေရိကန် "အင်ဒို-ပစိဖိတ်" မဟာဗျူဟာနှင့် နေတိုး၏ အရှေ့ဘက်သို့ ချဲ့ထွင်မှုသည် ကမ္ဘာကြီးကို ပိုမိုမတည်မငြိမ် ဖြစ်စေသောကြောင့် ယင်းတို့သည် သီးခြားစစ်ရေး ပဋိပက္ခများသာမက စီးပွားရေးနှင့် လုံခြုံရေးနယ်ပယ်များသို့ပါ ပျံ့နှံ့လာနိုင်ကြောင်း၊ ယင်းအစား တရုတ်နိုင်ငံသည် ငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်ရေးမူကိုချမှတ်ခဲ့ပြီး အာရှ-ပစိဖိတ်ဒေသတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုပုံစံနှင့် အုပ်ချုပ်မှုစနစ်၏ ဆန်းသစ်တီထွင်မှုကို အားကိုးသည်မှာထင်ရှားကြောင်း တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီမှ ဌာနမှူးလီကပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မီးမောင်းထိုးပြသည့် တရုတ်နိုင်ငံ၏ တသမတ်တည်းဖြစ်သော နိုင်ငံခြားရေးမူဝါဒကို ချီးကျူးခဲ့ကြောင်းနှင့် တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုများသည် ကမ္ဘာ့အကျပ်အတည်းကို ဖြေရှင်းလိုသည့်ဆန္ဒကိုထုတ်ဖော်ပြီး ကမ္ဘာကြီးတွင် မျှဝေထားသော အနာဂတ်ရှိသည်ဟူသော အယူအဆအပေါ် အခြေခံထားကြောင်း Saraswati မှပြောကြားပြီး "ကပ်ရောဂါနှင့် ပဋိပက္ခဖြစ်ပွားခြင်းနောက်ခံတွင် တရုတ်နိုင်ငံသည် လွှမ်းမိုးခြင်းထက် အားလုံးအနိုင်ရသော ပူးပေါင်း

ဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်မှုကို အားပေးသည်" ဟု အင်ဒိုနီးရှားနိုင်ငံရှိ မဟာဇျူဟာနှင့် နိုင်ငံတကာလေ့လာရေး စင်တာမှ တရုတ်လေ့လာရေးသုတေသနဌာနမှ အကြီးတန်းသုတေသီ ဆရာဝတီက ပြောကြားခဲ့သည်။

အုံ့ဆိုင်းနေသည့် ကမ္ဘာ့စီးပွားရေးအခြေအနေအားတန်ပြန်ရန် ဂျပန်နှင့်တရုတ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုလုပ်ဆောင်ရန် နိုင်ငံတကာဆက်ဆံရေး ဂျပန်ဖိုရမ်၏သုတေသီ ကီကူချီ၏ယိုနာက တောင်းဆိုခဲ့သည်။ "ဂျပန်နဲ့တရုတ်အကြား ဆက်ဆံရေးတိုးတက်ဖို့ ဒီအခွင့်အရေးကိုယူသင့်တယ်လို့ ကျွန်တော်ယုံကြည်ကြောင်း" အိမ်နီးနားချင်းနှစ်နိုင်ငံသည် အပြန်အလှန်ယုံကြည်မှုကင်းမဲ့မှုကိုရှောင်ရှားရန် နှစ်နိုင်ငံနှင့် နိုင်ငံစုံဆွေးနွေးမှုများအတွက် မူဘောင်ကိုအားကောင်းစေရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့)**

**ရင်းမြစ် China's positive global role underscored – News –** 云桥网英文 **(yunnangateway.com)**

https://myantrade.gov.mm/article/%E1%80%80%E1%80%99%E1%80%B9%E1%80%98%E1%

## တရုတ်နိုင်ငံ၏ တည်ငြိမ်သော စီးပွားရေးပြန်လည်ဦးမော့လာမှုသည် အနာဂတ်တိုးတက်မှု ကမ္ဘာ့မျှော်လင့်ချက်များကို မြှင့်တင်ပေး

စားသုံးသူအသုံးစရိတ် တဖြည်းဖြည်း ပြန်တက်လာသည်နှင့်အမျှ တရုတ်နိုင်ငံ၏ ကြီးမားသော ပြည်တွင်းဈေးကွက်သည် ကျဆင်းနေသောဖိအားများ၏ သက်ရောက်မှုများကို တွန်းလှန်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ ဆန်းသစ်တီထွင်မှုကိုမြှင့်တင်ရန်၊ စားသုံးမှုမြှင့်တင်ရန်နှင့် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန်အတွက် ကမ္ဘာ့အကြီးဆုံး စားသုံးသူဈေးကွက်၏ ကြီးမားသောအလားအလာကိုဖော်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ၎င်း၏ကြီးမားသောလူဦးရေနှင့် ပြည်တွင်းဝယ်လိုအားကြောင့် စီးပွားရေးတိုးတက်မှုအတွက် ခိုင်မာသောအခြေခံအုတ်မြစ်ရှိရာ ရေရှည်တွင် စီးပွားရေးကို ကျိုးကြောင်းဆီလျော်စွာ၊ တည်ငြိမ်စွာဆက်လက်ထားရှိနိုင်စေပါကြောင်း၊ တရုတ်နိုင်ငံသည် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၏ ကမ္ဘာလုံးဆိုင်ရာ ရှေ့တန်းတွင်ရှိပြီး၊ နိုင်ငံ၏အလယ်အလတ်နှင့် ရေရှည်တိုးတက်မှုအတွက် စီးပွားရေးတိုးတက်မှု၏ မောင်းနှင်အားအသစ်နှစ်ခုလည်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့)**

**ရင်းမြစ် China's steady economic recovery boosts global expectations for future growth – News –** 云桥网英文 **(yunnangateway.com)**

## STOCK EXCHANGE (28.7.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 28th Jul. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 430 | 3,096,000 | 33,109,694 | 238,390 |
| MTSH | 00002 | 2,500 | -50 | -1.96% | 2,450 | 2,500 | 2,450 | 2,637 | 6,565,750 | 38,929,150 | 97,323 |
| MCB | 00003 | 6,900 | +0 | +0.00% | 7,000 | 7,000 | 6,900 | 149 | 1,042,500 | 10,400,986 | 71,767 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 0 | 0 | 2,472,053 | 43,261 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 35 | 84,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,450 | -50 | -2.00% | 2,450 | 2,450 | 2,450 | 35 | 85,750 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |


## Market summary

As of 28th Jul. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 335.10 | -1.69 | -0.50% | 334.56 | 336.27 | 333.98 | 3,286 | 10,874,000 | 7 | 582,949 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 28th Jul. 2022

| MYANPIX | 335.10 ▼ 1.69 |
|---|---|
| Total Volume (shares) | 3,286 |
| Total Value (MMK) | 11 mil |
| Listed Company | 7 |
| Market Cap. (MMK) | 582,949 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 0 |
| MTSH | 00002 | 2,500 | ▼ 50 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,450 | ▼ 50 |
| AMATA | 00007 | 5,000 | ▲ 0 |